# အပူပိုင်းဒေသရှိ ကျေးရွာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်ခြေများ ဖြေရှင်းပေးမည့် စီမံချက်ဖော်ဆောင်မည်

ညီညီဇော်

**မန္တလေး**– အပူပိုင်းဒေသမြို့ငါးမြို့ရှိ ကျေးရွာများတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်နိုင်ခြေများ ဖြေရှင်းပေးမည့်စီမံကိန်းတစ်ခု လာမည့်အောက်တိုဘာလတွင် စတင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စီမံကိန်းလုပ်ဆောင်မည့် ကျေးရွာများကို ပြေလဆန်းတွင် ရွေးချယ်မည်ဖြစ်ပြီး ၂၀၁၈ စက်တင်ဘာတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနမှူး ဒေါ်လတ်လတ်အေးကပြောကြားသည်။

ဖေဖော်ဝါရီ၁၈ရက်နေ့လယ် ၂နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် အပူပိုင်းဒေသ ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်၍ စီမံကိန်းတစ်ခုပြုလုပ်ရန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါစီမံကိန်းမှာ Global Environment Facility (GEF)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် အစိုးရ၏ထည့်ဝင်ငွေစုစုပေါင်း ကန်ဒေါ်လာ ၈ဒသမ ၄၆သန်းဖြင့် မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ ရွှေဘို၊ မုံရွာ၊ ချောက်၊ မြင်းခြံ၊ ညောင်ဦးအစရှိသည့် မြို့များမှ ကျေးရွာပေါင်း ၂၈၀တွင် ပြုလုပ်သွားမည်ဖြစ်သည်။

စီမံကိန်း၏ အဓိကလုပ်ငန်းမှာ ရေကောင်းရေသန့်ရရှိရေး၊ ပြောင်းလဲလာသည့်ရာသီဥတုနှင့် လိုက်ဖက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ရာသီဥတုဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်များပါဝင်မည်ဖြစ်သည်။ "အဓိကကတော့ တောင်သူလယ်သမားများအတွက် ဦးတည်ပါတယ်"ဟု ဌာနမှူးကပြောသည်။ ထို့အပြင် ရေသွယ်ယူသိုလှောင်နိုင်သည့် ရေမြောင်း၊ ရေကန်၊ ရေတင်စက်၊ အဝီစိတွင်းများတူးဖော်ပေးခြင်း၊ မြေဆီလွှာ တိုက်စားမှုများကို လျှော့ချနိုင်ရန် ရေဝေရေလဲဧရိယာများထိန်းသိမ်းခြင်း၊ သီးနှံစိုက်ပျိုးရာတွင် ရာသီဥတုဆိုင်ရာသတင်းအချက်အလက်များမှန်ကန်စွာရရှိရေး အစရှိသည့်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူကပြောကြားသည်။

အဆိုပါ စီမံကိန်းမှာ ကာလရှည်မိုးခေါင်ခြင်း၊ သောက်သုံးရေသန့်ရှားပါးခြင်းစသောရာသီဥတုပြောင်းလဲမှုနှင့် ဆက်နွယ်သောသက်ရောက်မှုများကို ခံစားနေရသည့် အပူပိုင်းဒေသနေထိုင်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ကြောင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးလာရေး၊ မြေဆီလွှာတိုက်စားမှုလျှော့နည်းရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေယာမဲ့များအတွက်လည်း လုပ်ငန်းအခွင့်အလမ်းများ ဖော်ဆောင်သွားနိုင်မည်ဟု ဝန်ကြီးချုပ်ဦးရဲမြင့်ကပြောကြားသည်။